
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 547 - 560)
စာစဉ် - ၄၀

# အပိုင်း ၅၄၇
# ကြီးမားလှသောစိုက်ပျိုးခြံ

နေ့ရက်တွေက လျင်မြန်စွာပဲ ကုန်ဆုံးသွားခဲ့သည်။ အစက သူမဟာ တုန်ရှန်းရွာ၌ နှစ်လပိုင်း အကုန်လောက်ထိ နေဖို့ စီစဉ်ထားတာဖြစ်ပေမဲ့ သူမရဲ့ အစီအစဉ်တွေက အလျင်အမြန်ပဲ ပြောင်းလဲသွားရသည်။ ပထမလရဲ့ ဆယ့်ခြောက်ရက်မြောက်နေ့၌ မထင်မှတ်ထားတဲ့ ဧည့်သည်တစ်ဦးက တုန်ရှန်းရွာသို့ ရောက်ရှိလာခဲ့သည်။

"ကျူးကျွင်းယန်, ရှင်ဒီကို ဘာလို့ရောက်လာတာလဲ ကျွန်မတို့ကို ကြိုတောင်အသိမပေးဘဲ ဖြုန်းစားကြီး ရောက်ချလာတာပဲ!!"

ယွီရှောင်ချောင်းက မနက်အာရုံတက်ချိန်၌ ကျော့ကွင်းထောင်ဖို့ တောင်ပေါ်ကို သွားနေခဲ့တာဖြစ်သည်။ သူမ အိမ်ပြန်ရောက်တော့ အိမ်ရှေ့၌ မြင်းအသစ်အချို့ကို တွေ့လိုက်ရသည်။ အခန်းထဲဝင်လာခဲ့တော့ ကျူးကျွင်းယန်က အနွေးကုတင်ပေါ်မှာ သူ့အပိုင်လိုမျိုး ထိုင်ရင်း သူမ နှစ်မကူးခင်က လှော်ထားတဲ့ သစ်ကြားသီးတွေ စားနေတာကို တွေ့လိုက်ရပြီး သူ့ဘေး၌ အခွံခွာပြီးသား သစ်ကြားသီးပုံလေးရှိတဲ့ ပန်းကန်လေးတစ်ချပ် ရှိနေသည်။

ကျူးကျွင်းယန်က သူမအား မျက်ခုံးပင့်ပြလိုက်ပြီး သူ့လက်ထဲမှ နောက်ထပ် အခွံမာသီးတစ်ခုကို ခွာလိုက်သည်။ သူက ဂရုတစိုက်နှင့် အထဲ

က အဆံကို ထုတ်လိုက်ပြီး သူ့ဘေးမှ ပန်းကန်လေးထဲသို့ ထည့်လိုက်ပြီးမှ ဆိုလာသည်။

"ဒီမင်းသားက မင်းကို အံ့အားသင့်သွားအောင် လုပ်ချင်ရုံတင်ပါ။ ဘာလဲ? မင်းက ကိုယ့်ကို ဒီမလာစေချင်ဘူးလား? အခု မင်းမှာ အဖော်ပြုပေးမဲ့ အစ်ကိုဟန်ရှိနေပြီဆိုတော့ ဒီမင်းသားကို မေ့နေတာ ကြာပြီမလား?"

တော်ဝင်မင်းသားယန်တစ်ယောက် ရှီထုန်လေးရဲ့ တစ်ချိန်လုံး အစ်ကို ဟန် အစ်ကိုဟန်နဲ့ ပြောနေတာကို ကြားပြီး အတော်လေး မပျော်မရွှင် ဖြစ်နေမိသည်။ သူသာ ဝံပုလွေကြီးတစ်ကောင် သူမအနားမှာ ရစ်ဝဲနေတယ်ဆို တာကို ကြိုသိခဲ့ရင် တုန်ရှန်းရွာမှာ နှစ်သစ်ကူးပွဲ ကျင်းပဖို့ မိဘတွေဆီ ပြန်သွားလည်တဲ့ ကောင်မလေးကို အဖော်ပြုပေးဖို့ အရင်ကတည်းက လိုက်လာပြီး မြို့တော်ကို အတူတူ ပြန်ကြမှာပေ့ါ။ ကောင်မလေး အိမ် ပြန်သွားတာ အခုဆို တစ်လကျော်လောက် ရှိနေပြီ။ ဒီကောင် သူ ဒီမှာမရှိ တာကို အခွင့်ကောင်းယူပြီး သူ့ကောင်မလေးကို ဆွဲဆောင်နေသေးလား?

"အိုးဟိုး! ဒီအခန်းထဲ ဘယ်သူများ ရှာလကာရည်အိုးကို မှောက်ချထားပါ လိမ့်? ဒီနားမှာ သဝန်တိုနေတဲ့ အနံ့တွေ ချဥ်စူးနေတာပဲ!"

ယွီရှောင်ချောင်းက သူမရဲ့ ငွေရောင်သားမွေး အပေါ်ရုံလွှာကို ချွတ်လိုက် ပြီး ဂူထုန်က သူမထံမှ လှမ်းယူလိုက်ကာ သစ်တော်ပင်သား အင်္ကျီချိတ်၌ ချိတ်ထားလိုက်သည်။

အအေးဓာတ်နဲ့ ထိတွေ့ခဲ့တာကြောင့် ရှောင်ချောင်းရဲ့ မျက်နှာလေး ဘယ်လောက်တောင် နီရဲနေတယ်ဆိုတာကို တွေ့လိုက်ရတော့ ကျူးကျွင်း ယန်က သူမထိုင်ဖို့ရာအတွက် အနွေးကုတင်ပေါ်မှ အနွေးဆုံးနေရာလေးကို ပေးလိုက်သည်။ ရှောင်ချောင်းက ဖိနပ်ချွတ်ပြီး ထိုင်ချလာတဲ့အခါ သူမ ခြေထောက်နဲ့ ခြေဖဝါးတွေကို ခြုံဖို့ သူ့ခြေထောက်ပေါ်မှ စောင်ကိုလည်း

ကမ်းပေးလိုက်သည်။ ပြီးနောက် သူအခွံနွှာထားတဲ့ သစ်ကြားသီးများအား လက်ညိုးထိုးပြလိုက်ပြီး ရွှင်မြူးစိတ်နှင့် မကျေနပ်စိတ်တို့ နှစ်ခုလုံး ရောနှောနေသည့် လေသံနှင့် ဆိုလာသည်။

"မင်းက တကယ်ကို အကျင့်မကောင်းတာပဲ။ မြို့တော်က အရာအားလုံး ကို မေ့ပြီး တုန်ရှုန်းရွာမှာ တော်တော်မှ ပျော်နေရဲ့လား? မင်းသွားတာ တစ်လကျော်လောက် ရှိပြီကို ဒီမင်းသားဆီ စာလေးတစ်စောင်တောင် ရေးဖော် မရဘူး။ ဒီမနက်လည်း တောင်ပေါ်သွားပြီး ကျောက်မျိုးရိုးကောင်နဲ့ အချိန်ဖြုန်းနေတာမလား, ဟုတ်တယ်မလား?"

ယွီရှောင်ချောင်းက လက်တစ်ဆုပ် သစ်ကြားသီးတွေကို ယူလိုက်ပြီး ပါးစပ်ထဲသို့ စတင်သွတ်တော့သည်။ သူမရဲ့ ပါးလေးက သစ်ကြားသီးများ နှင့် ဖောင်းကားနေကာ သူမရဲ့ မျက်ဝန်းတို့က ပျော်ရွှင်မှုတို့နှင့် ကွေးညွတ် နေပြီး အခွံမာသီးများ စားနေသည့် ရှဉ့်လေးတစ်ကောင်နှင့်ပင် တူနေ တော့သည်။ သူ့ရဲ့မကျေမနပ် ညည်းညူနေသံကို ကြားတော့ ကျူးကျွင်းယန် အား မျက်စောင်းတစ်ချက် ပစ်သွင်းလိုက်ရင်း

"အစ်ကိုဟန်က ရှင့်လို အားယားနေတယ်များ ထင်နေလား? အစ်ကိုဟန် က ပင်လယ်ဘက်ထွက်ပြီး တပ်သားတွေကို လေ့ကျင့်ပေးနေတာ သူမှာ ဘယ်လိုများ တောင်ပေါ်သွားပြီး ယုန်ဖမ်း ထောင်ချောက်ဆင်ဖို့ အချိန်ရှိမှာ လဲ"

"အစ်ကိုဟန်တဲ့လား… မင်းက သူ့ကို အရမ်းရင်းနှီးတဲ့ပုံစံနဲ့ ခေါ်ပုံရတယ် နော်။ ဒီမင်းသားကိုကျတော့ 'အစ်ကိုယန်'လို့ ခေါ်တာမျိုး ဘာလို့ တစ်ခါမှ မကြားဖူးရတာလဲ?"

ကျူးကျွင်းယန်ရဲ့ နှလုံးသားထဲ၌ ချဉ်စူးစူး သဝန်တိုမှုတို့ ပေါက်ကွဲထွက် လာရသည်။ ဒီကောင်မလေးက သူ့ကို နာမည်အပြည့်အစုံသာခေါ်ပြီး

ဘယ်တော့မှ ယဉ်ယဉ်ကျေးကျေး မခေါ်တတ်ပေ။

ယွီရှောင်ချောင်းက ကျူးကျွင်းယန်တစ်ယောက် အခွံမာသီးတွေ ဆက်မခွဲဘဲ ရပ်နေတာကို မြင်တော့ ဆက်လုပ်ဖို့ သတိပေးတဲ့အနေနဲ့ သူ့လက်ကို အမြန် ပုတ်ပေးလိုက်သည်။ သူရဲ့ မနာလိုဖြစ်နေတဲ့ စကားတွေကို ကြားတော့ ခေါင်းမော့ကာ သူ့မျက်လုံးတွေကို ကြည့်လိုက်ပြီး အလေးအနက် ဆိုလိုက်သည်။

"ကျွန်မ သူ့ကို အစ်ကိုဟန်လို့ ခေါ်တာက သူ့ကို အစ်ကိုတစ်ယောက်လို့ပဲ မြင်လို့လေ ဒါဆို...ရှင့်ကိုလည်း အစ်ကိုတစ်ယောက်အနေနဲ့ သတ်မှတ်စေချင်တာလား?"

"မဖြစ်ဘူး!"

သူ အဲ့လိုမျိုး လုံးဝ မဖြစ်ချင်ဘူး! ကျူးကျွင်းယန်က ပန်းကန်ပြားပေါ်မှ အခွံခွာပြီးသား အခွံမာသီးတွေ အလင်းအရှိန်ဖြင့် ကုန်ဆုံးသွားတာ တွေ့လိုက်ရတော့ သူ့ရဲ့ အခွံခွဲတဲ့အရှိန်ကို အမြန်တိုးမြှင့်လိုက်ရင်း ငြူစူလိုက်သည်။

"ဒါပေမဲ့ ဒီမင်းသားက မင်းကိုယ့်ကို ခေါ်တဲ့ပုံစံကိုမှ သိပ်မကြိုက်တာ..."

"ဒါဆို ရှင့်ကို ဘယ်လိုခေါ်စေချင်တာလဲ ကျွင်းယန်? ယန်ယန်? ယန်ပေါင်ပေ့??"

အကြံပြုချက် တစ်ခုစီတိုင်းက တစ်ခုထက်တစ်ခု ပိုပိုရွံပျစ်လာပြီး ကျူးကျွင်းယန်ရဲ့ နားရွက်များက သူမ စနောက်လိုက်တာကြောင့် နီရဲလာတာကို တွေ့ရှိလိုက်ရတာမို့ ယွီရှောင်ချောင်းတစ်ယောက် ကျေနပ်နေမိသည်။

ကျူးကျွင်းယန်က ချောင်းအနည်းငယ် ဆိုးချင်ယောင်ဆောင်လိုက်သည်။ သူက လည်ချောင်း အသာ ရှင်းလိုက်ရင်း

"ကိုယ်ငယ်ငယ်တုန်းကတော့ ကိုယ့်ကိုယ်ကို လွှေ့ကျစ်လို့ နာမည်ပြောင်ပေးထားတာ ကိုယ်နဲ့ ရင်းနှီးတဲ့သူလောက်ပဲ ဒီနာမည်ကို သိတာ..."

"ဟုတ်ပါပြီ ဒါဆိုလည်း နောက်ဆိုရင် ရှင့်ကို လွှေ့ကျစ်လို့ပဲ ခေါ်တော့မယ်!"

ယွီရှောင်ချောင်းက သူ့ရဲ့ အကြံပြုချက်ကို အလွယ်တကူပဲ လက်ခံလိုက်ပြီးနောက် ဆိုလိုက်သည်

"ကျူးလွှေ့ကျစ်, သစ်ကြားသီးတွေ ကုန်သွားပြီ။ ဒါပေမဲ့ ကျွန်မ ထပ်စားချင်နေသေးတယ်!"

"အိုးထဲမှာ မင်းအတွက် မနက်စာ နွေးထားပြီးသားမလို့ သရေစာတွေလျှော့စားတော့!"

အမျိုးသမီးလျို အခန်းထဲသို့ ဝင်လာခဲ့တဲ့ အချိန်မှာ သူ့သမီးငယ်လေးကတော်ဝင်မင်းသားယန်အား သစ်ကြားသီးကူခွာပေးဖို့ပြောင်ပြောင်တင်းတင်း အမိန့်ပေးနေတာကို ကြားလိုက်ရတာမို့ သူ့သမီးအား မျက်စောင်းတစ်ချက် ပေးလိုက်သည်။

"ဆန်ပြုတ်ထဲကို သစ်ကြားသီးထည့်လိုက်မယ်ဆိုရင် သစ်ကြားသီးဆန်ပြုတ်ဖြစ်သွားပြီး အရသာတောင် ပိုကောင်းသွားဦးမှာ!"

ယွီရှောင်ချောင်းက ကျူးကျွင်းယန်ခွာပေးထားတဲ့ သစ်ကြားသီးများဆီသို့ သူမရဲ့ လက်သေးသေးလေးနဲ့ တိတ်တဆိတ် လှမ်းယူလိုက်ရင်း ပါးပါးနပ်နပ် ဆိုလိုက်သည်။ သူမက ပါးစပ်ထဲသို့ အလျင်အမြန် ထိုးသွင်းလိုက်တာမို့ အစာခိုးစားနေတဲ့ ရှဉ့်လေးတစ်ကောင်နှင့်ပင် အမှန်တကယ် တူနေတော့သည်။

အမျိုးသမီးလျိုက သူမကို မနိုင်တော့တာမို့ ကျူးကျွင်းယန်ကိုသာ ပြော

လိုက်တော့သည်

"တော်ဝင်မင်းသားယန်, သူ့ကို အလိုမလိုက်ပါနဲ့ အရင်လကရော၊ ဒီလရော အစားကို ဟုတ်တိပတ်တိ မစားဘဲ သရေစာတွေပဲ လွှေကျက်စားနေတာ နှစ်သစ်ကူးပွဲတော်အတွင်း အခြားလူတွေအားလုံး ကိုယ်အလေးချိန်တက်လာပေမဲ့ သူကတော့ တက်မလာတဲ့အပြင် ပိုတောင် ပိန်သွားလိုက်သေးတယ်"

ကျူးကျွင်းယန်က သူမအား စေ့စေ့စပ်စပ် ကြည့်နေတာကိုတွေ့တော့ ယွီရှောင်ချောင်းက အလျင်စလို ရှင်းပြလိုက်သည်။

"ကျွန်မ ပိုပိန်လာတယ်လို့ ဘယ်သူပြောလဲ? ကျွန်မမျက်နှာကိုကြည့် ပေါက်စီကြီးလို လုံးကားနေရောပဲ အမေတွေအားလုံးကတော့ သူတို့ကလေးတွေ ပိုပိုပိန်လာတယ်လို့ ခံစားနေရလို့ ဒီလိုပြောမှာပဲလေ။ သူတို့အားလုံးကတော့ သူတို့ရဲ့ကလေးတွေကို ဝက်ပုတ်လေးတွေ ဖြစ်လာတဲ့အထိ ကျွေးနေကြမှာပဲ"

"ဝက်မွေးတယ် ဟုတ်လား?"

အမျိုးသမီးလျိုက ရှောင်ချောင်းအား ခေါင်းခေါက်လိုက်ပြီး အနွေးကုတင်ပေါ်မှ စားပွဲပေါ်က သစ်ကြားသီးပန်းကန်အား ယူသွားတော့သည်။ သူမကရင်းချွမ်အား ဆန်ပြုတ်၊ ပေါက်စီနဲ့ အရံဟင်းတွေ စားပွဲပေါ်သို့ တင်ဖို့ လက်ဟန်ပြလိုက်ပြီး

"ဝက်ခြံထဲက ဝက်တွေအားလုံးသာ မင်းလိုဆိုရင် ဝက်ခြံပိုင်ရှင်တွေ မကြာခင် စီးပွားပျက်တော့မှာ သေချာတယ်!"

"အမေ___ ကိုယ့်သမီးကို အဲ့လိုဆူတတ်တဲ့ အမေ့လို အမေမျိုး တကယ်ပဲရှိရဲ့လား? သမီးက ဒီလောက် လှလှပပနဲ့ နူးနူးညံ့ညံ့ မိန်းကလေးတစ်

ယောက်ဟာကို အဲ့ဒီနံစော်ပြီး စိတ်ပျက်စရာ ဝက်တွေနဲ့ နှိုင်းယှဉ်ပြောတယ်ပေါ့။ သမီး အခု စိတ်ဆိုးသွားပြီ!"

ယွီရှောင်ချောင်းက သူမအမေအား ဆိုးသွမ်းပြဖို့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ထားလိုက်သည်။

အမျိုးသမီးလျိုက ပြုံးလိုက်ပြီး

"ငါက အရင် နှိုင်းယှဉ်ပြီးပြောတဲ့သူလား? မင်းပဲ ဝက်မွေးတဲ့အကြောင်းကို အရင်စပြောပြီးတော့ အမေ့ကို လာအပြစ်တင်မနေနဲ့။ စားပွဲပေါ်ကဟာတွေအားလုံး ကုန်အောင်စား မဟုတ်ရင် ဒီနေ့ရော၊ မနက်ဖြန်ရော သရေစာ ထပ်စားခွင့်မပြုတော့ဘူး!"

ယွီရှောင်ချောင်းက သူမရဲ့ လက်သီးဆုပ်ထက်တောင်ကြီးတဲ့ အသားပေါက်စီနှစ်လုံးနဲ့ ဆန်ပြုတ်ပန်းကန်ကြီးအား ကြည့်လိုက်မိသည်။ သူမက ချက်ချင်း နှုတ်ခမ်းဆူလာပြီး မကျေမနပ်ဖြင့် ညည်းညူတော့သည်။

"အမေ, သဘောတူညီမှုတစ်ခု လုပ်ရအောင်လေ။ သမီး အသားပေါက်စီတစ်လုံးပဲ စားမယ်လေနော် သဘောတူလား?"

"မရပါဘူး! မနေ့ညတုန်းက ခေါက်ဆွဲပန်းကန် သေးသေးလေးကိုတောင် တစ်ဝက်ပဲ စားထားတာ ဒီမနက်တော့ ပိုစားမှရမယ်။ မင်းကိုယ်မင်း လေနဲ့ပဲ အသက်ရှင်နိုင်တဲ့ အမတတစ်ပါးလို့ ထင်နေတာလား?"

အမျိုးသမီးလျိုက သူမရဲ့ အကြံပြုချက်ကို ပြင်းပြင်းထန်ထန် ငြင်းဆန်လိုက်ပြီး

"ပူနေတုန်း အခုစားလိုက် ပေါက်စီထဲက အသားက မင်းဖမ်းမိလာတဲ့ ဒရယ်သားကို သုံးထားတာ တော်တော်လေး လတ်ဆတ်ပြီး အရသာရှိတယ်"

ယွီရှောင်ချောင်းရဲ့ မျက်ဝန်းတို့က တဖျတ်ဖျတ် လှုပ်ခါလျက် ညဏ်များနေတော့သည်။ ရုတ်တရက် သူမက ဘေးကနေ သူမတို့ သားအမိနှစ်ယောက်ကို စောင့်ကြည့်နေခဲ့တဲ့ ကျူးကျွင်းယန်အား တောက်ပတဲ့ အပြုံးတစ်ခု ပြုံးပြလိုက်ကာ

"လွှေ့ကျစ်__ ရှင်အခုထိ မနက်စာ မစားရသေးဘူးမလား? အစားအသောက်ဆိုတာ အတူတူစားမှ ပိုမြိန်တာ!"

အမျိုးသမီးလျိုက ကျူးကျွင်းယန်အား အသားပေါက်စီတစ်လုံး ထိုးပေးနေတဲ့ လက်အား ဖယ်ထုတ်လိုက်ပြီး သမီးဖြစ်သူအား မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်လိုက်ကာ

"တော်ဝင်မင်းသားယန်က ငါတို့နဲ့အတူ စားပြီးပြီမလို့ သူကို စားခိုင်းစရာမလိုဘူး။ ငါအားလုံး တွက်ချက်ပြီးပါပြီ။ ဒါတွေအားလုံးစားပြီးရင် ဗိုက်လေးနည်းနည်း လုံးလာရုံပဲရှိမှာ ဗိုက်ခေါက် ထွက်မလာပါဘူး!"

ယွီရှောင်ချောင်းက သူမရဲ့ မျက်နှာထက်မှာ သနားစဖွယ်အကြည့်လေးဖြင့် ကျူးကျွင်းယန်အား ကြည့်လိုက်သည်။ သို့သော်လည်း လက်ရှိ၌ ကျူးကျွင်းယန်ခမျာ ယောက္ခမလောင်းရဲ့ မျက်စိဒေါက်ထောက် ကြည့်ခြင်းခံနေရတာမို့ ကောင်မလေးအား ကူကယ်ရာမဲ့နေတဲ့ အမူအရာကိုသာ လုပ်ပြနိုင်တော့သည်။ သူ့အနာဂတ် ယောက္ခမလောင်းနဲ့ ဇနီးလောင်းလေးရဲ့ ကြားမှာ အညှပ်ခံနေရတာမို့ ခေါင်းကိုသာ ငုံ့ထားပြီး သစ်ကြားသီး ဆက်ခွာရင်း အလုပ်များချင်ယောင်သာ ဆောင်နေလိုက်တော့သည်။

ယွီရှောင်ချောင်းတစ်ယောက် သူမရဲ့ ကံကြမ္မာကိုသာ ကြိတ်မှိတ်လက်ခံလိုက်ရပြီး အသားပေါက်စီတစ်လုံးကို ကောက်ယူလိုက်ကာ ဒေါသတကြီးဖြင့် စတင်စားတော့သည်။ ပေါက်စီအား အရသာရှိလှတဲ့ အရံဟင်းများဖြင့် တွဲဖက်စားလိုက်ပြီး အသားပေါက်စီနှစ်လုံးလုံးအား ကုန်အောင် စား

ပစ်လိုက်သည်။ ပြီးနောက် ကျူးကျွင်းယန်ခွာပေးထားတဲ့ အခွံမာသီးတွေကို သူမရဲ့ ဆန်ပြုတ်ပန်းကန်ထဲသို့ ထည့်ကာ စပျစ်သီးခြောက်အချို့နှင့် ဟော့သွန်းဆူးသီး ကိတ်ခြောက် အနည်းငယ်ပါ ထည့်လိုက်ပြီး တစ်ပန်းကန်လုံးအား အလျင်စလို မွှေချလိုက်သည်။ ဂေ့__ လေချဉ်တက်လိုက်ပြီးနောက် ရှောင်ချောင်းက သူမရဲ့ ဗိုက်လုံးလုံးလေးအား ပွတ်သပ်လိုက်ပြီး အစာကြေဆေးရည် တစ်ပန်းကန် လုပ်သောက်သင့်လားဆိုတာကို တွေးတောနေမိသည်။

အမျိုးသမီးလျှိုဟာ သူမသမီးငယ်လေးက ယခု အနွေးကုတင်ပေါ်၌ ခြေကားယားလက်ကားယား ဖြစ်နေတာကို တွေ့တော့ ရွှင်မြူးစွာဖြင့် ကြည့်လိုက်ရင်း

"ဒီနေ့ ရာသီဥတုသာယာတယ် ခဏလောက်နားပြီးရင် အစာလည်းကြေအောင် တော်ဝင်မင်းသားယန်ကို ခေါ်ပြီး ရွာထဲကို လမ်းလျှောက်ကြလေ။ နေ့လည်ကျရင် မင်းအကြိုက် ပင်လယ်စာဟင်းပွဲတွေ ချက်ကျွေးမယ် ပုစွန်နှပ်ရယ်၊ အဝါရောင်ငါးပုတ်သင်ကို ဆားငရုတ်ကောင်းလေးနဲ့ ချက်ထားတာရယ်၊ ဂုံးပေါင်းဟင်းချိုလေးရယ်၊ ပြည်ကြီးငါးမွှေကြော်ရယ်..."

အရင်ဘဝတုန်းက ယွီရှောင်ချောင်းမှာ ပင်လယ်စာစားဖို့ အခွင့်အရေးသိပ်မရှိခဲ့ပေ။ ဝိညာဉ်ကူးပြောင်းလာပြီးတဲ့နောက် ပင်လယ်စာစားရတာကို အလွန် ကြိုက်နှစ်သက်လာခဲ့ပြီး သူမအမေကလည်း ပင်လယ်စာတွေကို ကောင်းကောင်း ချက်ပြုတ်တတ်သည်။ ပင်လယ်စားဟင်းလျာတွေ ချက်ပေးမယ်ဆိုတာကို ကြားတော့ သူမမျက်ဝန်းတို့က စိတ်လှုပ်ရှားမှုဖြင့် တောက်ပလာပြီး သူမပါးစပ်ထဲ၌ သွားရည်ယိုလာတော့သည်။ ရှောင်ချောင်းက ကျူးကျွင်းယန်အား ဆွဲခေါ်လာခဲ့ပြီး တောင်ပေါ်စံအိမ်နှင့် သူမရဲ့အိမ်ကိုသာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော့ သည်။ အစက သူမ

လည်း ရွာထဲမှာသာ လျှောက်သွားချင်ခဲ့ပေမဲ့ ရွာသားတွေရဲ့ စပ်စုမေးမြန်းချင်နေတဲ့ အကြည့်များစွာကို တွေ့လိုက်ရပြီးနောက် သူမအစီအစဉ်ကို ပြောင်းလိုက်တာဖြစ်သည်။

တော်ဝင်မင်းသားယန်က သူ့အပိုင်စားနယ်မြေကို လာလည်တာဖြစ်တာမို့ ထန်ကူတစ်ဝိုက်မှ အရာရှိများက သူ့ကို လာတွေ့ကြသည်မှာ ပုံမှန်ပင်။ ဒီနေရာကို ရောက်နေခိုက် အခွန်မှတ်တမ်းများကိုလည်း စစ်ဆေးခဲ့သည်။ ယွီမိသားစုရဲ့ ဖန်လုံအိမ်စိုက်ပျိုးရေးလုပ်ငန်း စတင်ပြီးနောက် ထန်ကူမြို့ထဲက အခြားကုန်သွယ်မှု လုပ်ငန်းများရဲ့ ကြီးထွားမှုကိုလည်း တိုးလာစေသည်။ အကျိုးဆက်အနေဖြင့် ရရှိတဲ့ အခွန်ပမာဏကလည်း မနှစ်ကထက် နှစ်ဆနီးပါးလောက် တိုးသွားခဲ့သည်။

ယွီရှောင်ချောင်းက ထန်ကူမြို့တစ်ဝိုက်မှ မြေများအား မျိုးစေ့ပျိုးဖောက်ရာ လုပ်ငန်းအဖြစ် ပြောင်းလဲမယ့် သူမရဲ့အကြံကို သူ့အား ပြောပြပြီးသားဖြစ်ပြီး ကျူးကျွင်းယန်ရဲ့ အပြည့်အဝ ထောက်ခံမှုကို ရရှိခဲ့သည်။ ကျူးကျွင်းယန်က အနီးတဝိုက်နယ်မြေများမှ ပညာရှင်များ၊ မြေပိုင်ရှင်များရဲ့ စိုက်ပျိုးမြေများအား အခွန်လျှော့ချပေးမယ်လို့ ပြောပြီး ချက်ချင်း သိမ်းယူလိုက်သည်။ ဒါက ပါဝင်သူ အားလုံးရဲ့ သဘောညီချက်ကို ရရှိခဲ့သည်။ ကုန်သည်မိသားစုအချို့က ဒါဟာ သူတို့မိသားစုအတွက် အတော်လေး အကျိုးအမြတ်ရနိုင်တဲ့ ကြိုးပမ်းအားထုတ်မှု တစ်ခုဟု တွေးမိတာကြောင့် မင်းသားလိုချင်မလားဆိုတာကို ကြည့်ဖို့ သူတို့ရဲ့ စိုက်ပျိုးခြံများအားလုံးကိုပင် ထုတ်လာခဲ့သည်။ ယွီမိသားစုရဲ့ စိုက်ပျိုးခြံနဲ့ ဝေးတဲ့ စိုက်ပျိုးခြံများကတော့ ချက်ချင်းပင် ငြင်းပယ်ခြင်းခံလိုက်ရသည်။

နွေရာသီမှာ ရိတ်သိမ်းပြီးနောက် ပြောင်းဖူးစိုက်ဖို့ အချိန်ကျလာတဲ့အခါ ယွီမိသားစု စိုက်ပျိုးခြံအား အတော်အတန် ချဲ့ထွင်လိုက်သည်။ ယခုအခါ၌

သူတို့မှာ ထိပ်တန်းအဆင့် စိုက်ပျိုးမြေတင် မူနှစ်သောင်းလောက်ရှိပြီး သာမန်နှင့် အရည်အသွေးနိမ့်တဲ့ စိုက်ပျိုးမြေများကလည်း ထိုပမာဏ ဝန်းကျင်လောက်ပင်။ မူလေးသောင်းခန့် စိုက်ပျိုးခြံကြီးဖြင့် နှစ်စဉ် ရိတ်သိမ်းလို့ရမယ့် သီးနှံပမာဏကို တိုးမြှင့်လို့ရသွားပြီပင်။

နန်းတွင်းမှ အရာရှိအချို့က ဒီကိစ္စအား မနာလိုရှုစိမ့်ဖြစ်နေကြပြီး ဧကရာဇ်ထံသို့ ယွီရှောင်ချောင်းရဲ့အကြောင်း ပြင်းပြင်းထန်ထန် တိုင်ကြားဖို့ အတတ်နိုင်ဆုံး ကြိုးပမ်းကြတော့သည်။ သူတို့က သူမဟာ နန်းတော်ရဲ့ တာဝန်များကို သေချာ မထမ်းဆောင်ဘဲ သူမတို့ မိသားစု ကြွယ်ဝချမ်းသာဖို့ သူမရဲ့ အာဏာကို အလွဲသုံးစားလုပ်နေကြောင်း ဆိုကြသည်။ ထို့ကြောင့် ရှောင်ချောင်းနဲ့ ရင်းနှီးသူများကလည်း သူမဘက်မှ အကျောက်အကန် ခုခံ ပြောဆိုပေးကြသည်။ သူတို့က သူမလုပ်သမျှ အရာတိုင်းဟာ အထွက်နှုန်း မြင့် သီးနှံများကို မြန်နိုင်သမျှ မြန်မြန် ထုတ်လုပ်နိုင်ဖို့ တော်ဝင်နန်းတော်ကို ကူညီနေတာဖြစ်ကြောင်း လျှောက်တင်ကြသည်။ ထို့ကြောင့် နန်းတော်၌ အချိန်အတော်အကြာ အချေအတင် ဆွေးနွေးမှုများ ဖြစ်ပွားခဲ့ပြီး နန်းတွင်း အရာရှိများက ရှောင်ချောင်းရဲ့လုပ်ဆောင်ချက်နဲ့ အပြုအမူတို့အပေါ် ဒေါသ တကြီးဖြင့် ငြင်းခုံခဲ့ကြသည်။

သို့သော်လည်း ယွီရှောင်ချောင်းကတော့ တိုင်းပြည်ရေးရာ ငြင်းခုံမှုတစ်ခု ကိုမှ စိတ်ထဲမထားခဲ့ပေ။ ထန်ကူမြို့၌ သူမရဲ့ စိုက်ပျိုးရေးလုပ်ငန်းများအား တိုးချဲ့ခြင်းမပြုမီတွင် ဧကရာဇ်ထံသို့ တင်ပြပြီးသားဖြစ်ပြီး ဆက်လက် လုပ်ဆောင်ရန်အတွက် သူ့ရဲ့ ခွင့်ပြုချက်ကိုလည်း အပြည့်အဝ ရရှိထားပြီး ဖြစ်သည်။ လူတွေဆီသို့ အထွက်နှုန်းမြင့်တဲ့ ပြောင်းနဲ့ ဆောင်းဂျုံ အများ အပြား စောစော ထုတ်လုပ်ပေးနိုင်လေလေ ဧကရာဇ်ရဲ့ ပြည်သူများဟာ လည်း ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို မြန်မြန် ဖယ်ရှားပစ်နိုင်

လေလေဖြစ်ပြီး ကျန်းမာပျော်ရွှင်တဲ့ ဘဝလမ်းကို လျှောက်လှမ်းနိုင်ကြမှာ ဖြစ်သည်။

သူမဘက်မှာ 'သူဌေးမင်းကြီး' ရှိနေသ၍ တခြားသူတွေ ပြောဆိုနေကြတာကို သူမ ဂရုစိုက်စရာ မလိုပါချေ။ အတုအယောင် ဂုဏ်သတင်း ရရှိဖို့အတွက် သူမ ဝင်မပါတာ မဟုတ်ပေ။ တကယ်တော့ ဒီလူတွေက သူမအကျင့်ပျက်ခြစားလို့ စွပ်စွဲနေကြတာ မဟုတ်ဘဲ သူမရဲ့ ငွေရှာနိုင်စွမ်းကို မနာလို ဖြစ်နေကြတာကြောင့် စွပ်စွဲနေကြတာမလား? နေနှင့်ဦး သူတို့ရဲ့ မနာလိုမှုတွေ သူတို့ကို အရှင်လတ်လတ် ဝါးစားသွားအောင်လို့ ဒီထက် ငွေတွေအများကြီး ရှာဖို့ သူမ အစီအစဉ်ချလိုက်ပြီ!

လက်ရှိ၌ ယွီဟိုင်က သူ့လက်အောက်မှာ အလုပ်လုပ်ဖို့ရန်အတွက် အတွေ့အကြုံရှိတဲ့ အငှားလယ်သမား အများအပြားကို ခေါ်ထားသည်။ ထန်ကူမြို့ရှိ အလုပ်တာဝန်များက အခုလက်ရှိမှာ တော်တော်လေး ကြီးမားလာပေမဲ့ တကယ်တမ်း ရှောင်ချောင်းကိုယ်တိုင် ဝင်ရောက်ဖြေရှင်းဖို့တော့ သိပ်မလိုအပ်ပါပေ။ သူမလုပ်ရမယ့်တာဝန်က သူတို့ အသုံးပြုမယ့် အစေ့တွေအားလုံး ဝိဉာဉ်စွမ်းအင် ကြိုတင်သွင်းထားပြီးသား ဖြစ်ကြောင်း သေချာစစ်ဆေးရန်သာ။

ဒါက အလွန်လွယ်ကူတဲ့ လုပ်ငန်းစဉ်ဖြစ်ပေမဲ့ အရမ်းလည်း အရေးပါသည်။ ယွီရှောင်ချောင်းက အံ့ဖွယ်ကျောက်တုံးလေးအား ရွှေရောင်ကြောင်ပေါက်လေး အသွင်ဖြင့် ခေါ်ဆောင်သွားပြီး မျိုးစေ့များ သိုလှောင်ထားသော အခန်းထဲသို့ အကြိမ်အနည်းငယ်လောက် ပတ်ပြေးစေလိုက်သည်။ သူမက သူ့အား ထိုပတ်ဝန်းကျင်မှာ ဆော့ကစားရန်၊ တံတွေးထွေးချရန် ဒါမှမဟုတ် အနည်းငယ်လောက် အပေါ့သွားဖို့ ညွှန်ကြားလိုက်သည်။ အံ့ဖွယ်ကျောက်တုံးလေး ကတော့ နောက်ဆုံးအကြံပြုချက်ကို

ပြင်းပြင်းထန်ထန် ဆန့်ကျင်လိုက်သည်။ သူက ယဉ်ကျေးပြီး သန့်စင်တဲ့ အံ့ဖွယ်ကျောက်တုံး ဖြစ်တာကြောင့် နိမ့်ကျပြီး ရုန့်ရင်းသော အရာမျိုးကို ဘယ်လိုများ လုပ်နိုင်မှာတဲ့လဲ?

အတိုချုပ်ပြောရလျှင် အထွက်နှုန်းမြင့် မျိုးစေ့များ ပျိုးဖောက်ရာ အခြေစိုက်စခန်းက အခုလက်ရှိ၌ စီမံခန့်ခွဲရေးမှူးဖြစ်သော ယွီဟိုင်ရဲ့ လက်ထဲတွင်ရှိနေသည်။ ယွီဟန်ရဲ့ အကူအညီနှင့် အခြား ကြီးကြပ်ရေးမှူးများရဲ့ အတူတကွ လုပ်ဆောင်မှုတို့ဖြင့် စိုက်ပျိုးခြံတိုးချဲ့ရေး လုပ်ငန်းစဉ်က ကောင်းမွန်စွာဖြင့် စနစ်တကျရှိနေသည်။ ထို့အပြင်လည်း သူတို့ရဲ့ ကျောထောက်နောက်ခံအဖြစ် တော်ဝင်မင်းသားယန်ရှိနေတာမို့ ဆက်လက်လုပ်ဆောင်ဖို့ရာအတွက် မီးစိမ်းပြနေပြီး အရာအားလုံးက ချောချောမွေ့မွေ့ ရှိနေပုံရသည်...

***